စီပင်သာကျေးရွာ
တည်ပင်ကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ စီပင်သာကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၂၁

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ
၃။ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ
၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ
၅။ မွေးမြူရေး
၆။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ
၇။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး
၈။ ပညာရေး
၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
၁၀။ လူငယ်ဖွံ့ဖြိုးရေး
၁၁။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ
၁၂။ စီပင်သာကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား
၁၃။ စီပင်သာကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

စီပင်သာကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ရွှေဘိုမြို့၏ အနောက်ဘက် (၁၂)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ စီပင်သာကျေးရွာ၏ အကျယ်အဝန်းမှာ (၇၅)ဧကမျှသာ ကျယ်ဝန်းသော ရွာကလေးတစ်ရွာဖြစ်ပါသည်။ စီပင်သာကျေးရွာ၏ အရှေ့၊ အနောက်၊ တောင် ၊ မြောက် ပတ်ပတ်လည်တွင် လယ်ယာမြေများ ရှိပါသည်။ ထိုလယ်ယာမြေ များ စိုက်ပျိုးရန်အတွက် ရေရရှိရန် အဝိစိတွင်းများ တူးပြီး ရေစုပ်စက်များ တပ်ဆင်ပြီး အသုံးပြုကြပါသည်။ ရွာ၏ မြောက်ဘက်တွင် ထူးကြီးကျေးရွာတည်ရှိပါသည်။ တောင်ဘက် တွင် ရွာနှင့် (၂/၃)မိုင် ဝန်းကျင်လောက်တွင် မူးမြစ်တည်ရှိပါသည်။ ရွာ၏ အနောက်တောင် ထောင့်တွင် နှစ်စဉ်ကျင်းပြလျက်ရှိသော ဗုဒ္ဓပူဇနိယဘုရားပွဲ မိုးကောင်းစေတီရုပ်ပွားတော် နှင့် ဘုရား(၉)ဆူ ရွှေသာလျောင်း စေတီရုပ်ပွာတော်များ တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

စီပင်သာကျေးရွာတွင် သဘာဝအလျောက်ပေါက်ရောက်လျက်ရှိသော သစ်ပင်များမှာ တမာ၊ မန်းကျည်း၊ ထန်း၊ နဘဲ၊ ကုက္ကို၊ အုန်း၊ ညောင်ပင်များ ပေါက်ရောက်လျက်ရှိပါသည်။ နွေရာသီတွင် ပဲတီစိမ်း၊ နှမ်းများ စိုက်ပျိုးပြီး မိုးရာသီတွင် စပါးများကို အဓိက စိုက်ပျိုးကြ ပါသည်။ ဆောင်းတွင်းပိုင်းတွင် ခရမ်း၊ ခရမ်းချဉ်၊ ကြက်သွန်မိတ်များ စိုက်ပျိုးကြပါသည်။ ၎င်း သီးနှံများစိုက်ပျိုးရာတွင် အဝိစိတွင်းမှရသော ရေများကို အသုံးပြုရပါသည်။ သဘာဝ အလျောက် ပေါက်ရောက်လျက်ရှိသော ဆေးဘက်ဝင်အပင်များလဲ ရှိပါသည်။ ၎င်းတို့မှာ ဆင်တုံးမန္ဓယ်၊ တပင်ရွှေထီး၊ မီးမလောင်ပင်၊ လျားစောင်းလက်ပတ်၊ ကျောက်ကွဲပင်၊ မဇလီ၊ ဇီးဖြူပင်၊ ကြောင်လျှာပင် စသည်တို့ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်အဖြစ် သဲမြေ တမျိုးတည်းကိုသာ ရရှိနိုင်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

စီပင်သာကျေးရွာတွင် ရပ်မိ/ရပ်ဖအဖွဲ့၊ ပရဟိတအဖွဲ့၊ ဓမ္မစကူးအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ မီးကော်မတီအဖွဲ့၊ ဂေါပကအဖွဲ့ အဖွဲ့အစည်းများ ရှိပါသည်။ ကျေးရွာ၏ ရပ်မိ/ဖများသည် ကျေးရွာနှင့် သက်ဆိုင်သော ကိစ္စအဝဝကို ပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ ပရဟိတအဖွဲ့ များသည် ကျန်းမာရေး၊ သာရေးနာရေးနှင့် ပတ်သက်သော အခက်အခဲများ ပါဝင်ကူညီ ဆောင်ရွက်ပေးပါသည်။ ဓမ္မစကူးအဖွဲ့များသည် ရွာဦးကျောင်းတွင် တည်ထားကိုးကွယ်တော်

မူသော စေတီတော်မြတ်ကို ပန်း၊ ဆီမီး၊ ရေချမ်းတို့ကို အပတ်စဉ် အဖိတ်နေ့နှင့် ဥ ပုတ်နေ့များ တွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပါသည်။ အမျိုးသမီးအဖွဲ့များသည် ကျေးရွာနှင့် သက်ဆိုင်သော လုပ်ငန်းကိစ္စဆောင်ရွက်ရာတွင် တတောင့်တနေရာမှ ပါဝင်ကူညီဆောင်ရွက် ကြပါသည်။ မီးကော်မတီအဖွဲ့များသည် ကျေးရွာမီးလင်းရေးနှင့် ပတ်သက်သော လုပ်ငန်းများ ကို အားတက်သရော ပါဝင်ကူညီဆောင်ရွက်ကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် အသီးသီးဆောင်ရွက်မှုများ ကောင်းကြ ပါသည်။ စီပင်သာကျေးရွာတွင် ပြင်ပမှ ကူညီသော အဖွဲ့အစည်းများလဲ ရှိပါသည်။ ၎င်းတို့မှာ ပတ်မြန်မာ၊ ကိုရီးယား၊ Easy ၊ မြကျွန်းသာ၊ အသေးစားငွေစုငွေချေး အဖွဲ့တို့ ဖြစ်ပါသည်။ ၎င်း အဖွဲ့အစည်းများသည် ရွာသူ/သားများ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုအပ်သော ငွေကြေးများအား ချေးယူပေးလျက်ရှိပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

စီပင်သာကျေးရွာတွင် ရွာသူ/သားများ အဓိကလုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းများ မှာ လယ်ယာစိုက်ပျိုးရေးနှင့် ယက္ကန်းလုပ်ငန်းများ ဖြစ်ပါသည်။ နွေရာသီတွင် နှမ်း၊ ပဲတီစိမ်း များ စိုက်ပျိုးပြီး မိုးရာသီတွင် စပါးများ စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ နှမ်း၊ ပဲတီစိမ်း များကို တပေါင်းလတွင် ပတ်ကြဲ၍ ကဆုန်၊ နယုန်တွင် ဆွတ်ခူးကြပါသည်။ မိုးစပါးများကို ဝါဆိုလတွင် ပျိုးထောင်၍ ဝါခေါင်လတွင် စတင်စိုက်ပျိုးကြပါသည်။ ရိတ်သိမ်းကာလမှာ နတ်တော်၊ ပြာသိုလများတွင် ရိတ်သိမ်းကြပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် ရရှိသော ပမာဏ မှာ (၁)ဧကလျှင် (၅၀-၆၅) တင်းထွက်၍ နွေရာသီတွင် စိုက်ပျိုးသော နှမ်း၊ ပဲတီစိမ်းမှာ (၁)ဧက လျှင် (၂၀-၂၅) တင်း အသီးသီးထွက်ရှိပါသည်။ လယ်ယာသုံးစက်ကိရိယာများကို အများအား ဖြင့် ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များကို ငှားရမ်းသုံးစွဲကြပါသည်။ တပိုင်တနိုင်စိုက်ပျိုးကြ သော တောင်သူများဖြစ်ပါသည်။ လယ်ယာမြေများမှာ တနယ်မြေများဖြစ်သောကြောင့် အသင့်တင့်ကောင်းသော မြေများဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရာတွင် ရေရရှိမှု၊ မျိုးကောင်း မျိုးသန့်ရရှိနိုင်မှု၊ စက်ကိရိယာများလိုအပ်မှု၊ လုပ်သားအင်အားလိုအပ်မှု၊ ကောင်းမွန်သော နည်းပညာလည်း လိုအပ်ပါသည်။ ယခုနှောင်းပိုင်းကာလများ၌ ရာသီဖောက်ပြန်ခြင်း ဒါဏ်ကို ခံရ၍ သီးနှံပျက်စီးမှု၊ ပိုးမွှားအန္တရာယ် ရင်ဆိုင်တိုက်ဖျက်နေရသောကြောင့် အဟန့်အတားနှင့် စိန်ခေါ်မှုများလည်း တောင်သူဦးကြီးများ ရင်ဆိုင်နေရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

စီပင်သာကျေးရွာတွင် မြေနေရာများ ကျယ်ဝန်းသောကြောင့် နွား၊ ကြက်၊ ဝက်များ မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

စီပင်သာကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြား ဝင်ငွေရလုပ်ငန်းများမှာ စက်ယက္ကန်း၊ လက်ယက္ကန်း၊ ပန်းရံ၊ လက်သမား၊ ကောက်စိုက်၊ ပျိုးနုတ်ခြင်းတို့ ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် နေ့စားလုပ်အားခများ အနေနှင့် အများဆုံး (၅၀၀၀-၇၀၀၀) ကျပ်နှင့် အနည်းဆုံးဝင်ငွေများမှာ (၂၅၀၀-၅၀၀၀)ကျပ်ကြား အသီးသီးရရှိကြပါသည်။ လုပ်ငန်း လုပ်ကိုင်ကြရာတွင် အမျိုးသားများမှာ ဝင်ငွေပိုမိုရရှိကြ၍ အမျိုးသမီးများမှာ အမျိုးသားများ လောက် ဝင်ငွေမရရှိကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

စီပင်သာကျေးရွာတွင် အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးနှင့် ယက္ကန်း လုပ်ငန်းဖြစ်၍ လူမျိုးဘာသာမရွေး၊ ရာသီဥတုမရွေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ကောက်ပဲ သီးနှံများနှင့် အထည်များကို ထုတ်လုပ်ရောင်းချပါသည်။ အနီးစပ်ဆုံးသွားလာရအဆင်ပြေ သော မြို့မှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ မိမိဒေသထွက်ကုန်များလည်း ဈေးနှုန်း မှန်ကန်စွာ ရောင်းချနိုင်ပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

စီပင်သာကျေးရွာတွင် စိုက်ပျိုးရာနှင့် သက်ဆိုင်သော ချေးငွေလုပ်ငန်းကို မြန်မာ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူပြီး၊ ယက္ကန်းလုပ်ငန်းများအတွက် ငွေစု၊ ငွေချေးလျှင် ငွေကျပ် (၁၅၀၀၀၀)နှုန်း ထုတ်ချေး၍ အတိုးနှုန်းမှာလည်း သက်သာသော အတိုးဖြစ်ပါသည်။ ချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလမှာ ကာလတိုချေးငွေ အမျိုးအစားဖြစ်၍ သီးနှံများပေါ်ချိန်တွင် ပြန်လည်ပေးဆပ်ရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးစရိတ်ငွေများ ထုတ်ချေး ၍ ၊ ယက္ကန်းလုပ်ငန်းများအတွက် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းမှ ထုတ်ချေးယူ၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာနေပြည်သူများအနေဖြင့် သွားလာရလွယ်ကူစေရန်နှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး ဆောင်ရွက်ရာတွင် ကား၊ ထော်လာကျီ၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များကို အသုံးပြုကြပါသည်။ ရွာတွင်းလမ်းများမှာ မြေသားလမ်းများ ဖြစ်၍ မိုးရာသီတွင် သွားလာရအခက်အခဲရှိပါသည်။ ကျေးရွာအဝင်လမ်းနှင့် ကျေးရွာချင်းဆက်လမ်းအတော်သင့် သွားလာရ လွယ်ကူအဆင်ပြေသော လမ်းများဖြစ်ပါသည်။

(ခ) ကျေးရွာမီးလင်းရေး

စီပင်သာကျေးရွာတွင် နိုင်ငံတော်မှ ပေးသော လျှပ်စစ်ဓါတ်အားများ ရယူသုံးစွဲကြ ပါသည်။ လျှပ်စစ်သုံးစွဲသော အိမ်ထောင်အများစု ရယူသုံးစွဲ၍ ကျန်အိမ်ထောင်စုများမှာ ဆိုလာများဖြင့် သုံးစွဲကြသည်ကို တွေ့ရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

စီပင်သာကျေးရွာတွင် ဖုန်းသုံးစွဲသူဦးရေမှာ လူဦးရေ၏ (၆၀)ရာခိုင်နှုန်းမျှ သုံးစွဲ၍ တီဗွီ နှင့် စလောင်းသုံးစွဲသူဦးရေမှာ အိမ်ထောင်စုများ၏ (၇၅)ရာခိုင်နှုန်းမျှ သုံးစွဲကြပါသည်။ ဖုန်းသုံးစွဲသူများသည် တိကျမှန်ကန်သော သတင်းများ၊ လွယ်ကူသော အဆက်အသွယ်ရရှိ၍ တီဗွီ နှင့် စလောင်းများမှလည်း ရာသီဥတုအခြေအနေ နိုင်ငံတော်မှ ထုတ်ပြန်ကြေငြာသော သတင်းအချက်အလက်များ ရရှိပါသည်။

(ဃ) ပညာရေး

စီပင်သာကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းရှိပါသည်။ ကျောင်းတွင် ဆရာ/မ (၅)ဦးနှင့် ကျောင်းသူ/သား (၄၀)ကျော်ရှိပါသည်။ ကျေးရွာတွင် မူလတန်း ကျောင်းသာရှိ၍ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများကို တည်ပင်(နှ) ကျေးရွာ၊ ထူးကြီး(ဘက)၊ ဆိပ်ခွန်ကျောင်းများတို့၌ သွားရောက်တက်ရောက်ရပါသည်။ ကျေးရွာအ.မ.က ကျောင်းတွင် ကျောင်းကော်မတီများ ရှိပါသည်။ ကျောင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု ရှိပါသည်။ ကျောင်းအသုံးအဆောင်ပစ္စည်း လုံလောက်မှုတော့ မရှိပါ။

၇။ ကျန်းမာရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

စီပင်သာကျေးရွာတွင် နှစ်စဉ်ဖြစ်ပွားသော ရာသီတုပ်ကွေးရောဂါများ ဖြစ်ပွား တက်ပါသည်။ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ ကျန်းမာရေးမကောင်း၍ ဆေးကုမှု ခံယူလျှင် ဆိပ်ခွန်တိုက်နယ်ဆေးရုံးနှင့် ရွှေဘိုပြည်သူ့ဆေးရုံသို့ သွားရောက်ကုသမှု ခံယူရ ပါသည်။ ကျန်းမာရေး အသိပညာရရှိမှု အသင့်အတင့်မျှ ရရှိပါသည်။ ကျေးရွာတွင် သောက်သုံး ရေများကို မိမိတို့ အိမ်ခြံဝန်းထဲမှ တူးဖော်ထားသော အဝီစိ၊ တုံကင်များမှ ရရှိပါသည်။ သောက်သုံးရေရှားပါးမှု မရှိပါ။ ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုအများစုရှိ၍ အိမ်သာ မရှိသော အိမ်ထောင်စုများသည် ပူးတွဲသုံးစွဲကြသည်ကို တွေ့ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စီပင်သာကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှု မရှိသောကြောင့် ပျက်စီး ဆုံးရှုံးမှုများ မရှိပါ။ ရေကြီးမှုမရှိသောကြောင့် မြေဆီလွှာပျက်ဆီးခြင်းများ မရှိပါ။ သဘာဝဘေး အန္တရာယ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ထူးခြားသော ဆောင်ရွက်မှုများ မရှိပါ။


၉။ ကျား/မ ရေးရာကိစ္စများ

စီပင်သာကျေးရွာတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် လယ်ယာစိုက်ပျိုးရေး နှင့် ယက္ကန်းလုပ်ငန်းများ အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေး၊ လူမှုရေး၊ သာရေး နာရေးကိစ္စများတွင် အမျိုးသားများမှ ဦးဆောင်၍ အမျိုးသမီးများမှ ဝိုင်းဝန်းကူညီ ဆောင်ရွက် ကြပါသည်။ ကျေးရွာ၏ အုပ်ချုပ်မှု ကဏ္ဍများတွင် အမျိုးသမီးများ ဦးဆောင်ပါဝင်မှုမရှိပါ။ ကျေးရွာ၏ စီမံဆောင်ရွက်ကြသော ကိစ္စများတွင် အမျိုးသမီးများ ဦးစီးဦးဆောင် ဆောင်ရွက် မှုမရှိပါ။ သို့သော် ပါဝင်ကူညီမှုများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၁၀။ လူငယ်ဖွံ့ဖြိုးရေး

စီပင်သာကျေးရွာတွင် လူငယ်များသည် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ နှင့် ပတ်သက် သောကိစ္စအဝဝတို့တွင် အားတက်သရော ပါဝင်လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ ထိုလုပ်ငန်းများမှ ဘာသာရေး၊ သာရေးနာရေး၊ ဖွံ့ဖြိုးရေး၊ လုံခြုံရေးလုပ်ငန်းများတွင် လူငယ် များ အင်တိုက်အားတိုက် ပါဝင်သည်ကို တွေ့ရှိရပါသည်။

တည်ပင်အုပ်စု ၊ စီပင်သာကျေးရွာ သယံဇာတမြေပုံ



၁၁။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

ရွှေဘိုမြို့နယ်၊ တယ်ပင်ကျေးရွာအုပ်စု၊ စီပင်သာကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁။	အခြေခံအဆောက်အဦ	ရွာလယ်လမ်းမကြီးကျောက်ခြောခင်းခြင်း	၁
၂။	အခြေခံအဆောက်အဦ	ရွာတွင်းလမ်းသွယ်များ ကျောက်ခြောလမ်းခင်းခြင်း	၂
၃။	မီးလင်းရေး	ကျေးရွာကွက်သစ် လျှပ်စစ်မီးလိုင်းများ တိုးချဲ့ခြင်း	၃
၄။	ကျန်းမာရေး	ကျန်းမာရေးဆရာမတင်ပြတောင်းဆိုခြင်းနှင့် ဆေးပေးခန်းတည်ဆောက်ခြင်း	၄
၅။	လူငယ်ဖွံ့ဖြိုးရေး	အားကစားကွင်းတည်ဆောက်ခြင်း	၅
၆။	ပတ်ဝန်းကျင်ထိန်းသိမ်းရေး	အမှိုက်သိမ်းဆည်းရန် အမှိုက်ပုံးနှင့် အမှိုက်သယ်ယာဉ်များ ထားရှိရေး ဆောင်ရွက်ခြင်း	၆

ရွှေဘိုမြို့နယ်၊ စီပင်သာကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁။	မိုးရာသီတွင် လမ်းမကောင်းခြင်း၊ ရွှံ့ဗွက်များထ၍ ရေဝပ်ခြင်း	မြေသားလမ်းဖြစ်ခြင်း	ငွေကြေးအနည်းငယ်နှင့် လုပ်အားထည့်ဝင်နိုင်ခြင်း	ငွေကြေး၊ နည်းပညာနှင့် စက်ယန္တရားလိုအပ်ခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့တင်ပြဆောင်ရွက်ခြင်း	ရွာလယ်လမ်းမကြီး ကျောက်ချောခင်းခြင်း
၂။	မိုးရာသီတွင် ရွှံ့ဗွက်များထခြင်း ရေဝပ်၍ လမ်းမကောင်းခြင်း	မြေသားလမ်းဖြစ်ခြင်း	ငွေကြေးအနည်းငယ်နှင့် လုပ်အားထည့်ဝင်နိုင်ခြင်း	ငွေကြေး၊ နည်းပညာ လိုအပ်ခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိရပ်ဖများမှ ဦးဆောင်၍ ရန်ပုံငွေရရှိရေး အလှူရှင်များနှင့် ချိတ်ဆက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့တင်ပြခြင်း	ရွာတွင်းလမ်းသွယ်များ ကျောက်ချောလမ်းခင်းခြင်း
၃။	ဆိုလာ၊ ဘတ္တရီမီးများသာ သုံးစွဲနေရခြင်း၊ ထမင်း၊ ဟင်းများအား ထင်းမီးဖြင့်ချက်ပြုတ်နေကြရသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း	ကျေးရွာကွက်သစ်တွင် မီးလိုင်းမရှိခြင်း	လုပ်အားပါဝင်နိုင်ခြင်း	ငွေကြေးခက်ခဲခြင်း	မြို့နယ်လျှပ်စစ်ဌာနသို့ တင်ပြဆောင်ရွက်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်မီးကော်မတီများမှ အလှူရှင်ရှာဖွေချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာကွက်သစ် လျှပ်စစ်မီးလိုင်းများ တိုးချဲ့ခြင်း
၄။	ကျန်းမာရေးကုသရန် ခက်ခဲခြင်း	ကျန်းမာရေးဆရာမနှင့်ဆေးပေးခန်း မရှိခြင်း	မြေနေရာရှိခြင်း၊ လုပ်အားပါဝင်နိုင်ခြင်း	ငွေကြေးနှင့်နည်းပညာ လိုအပ်ခြင်း	ကျန်းမာရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း	ကျေးလက်ကျန်းမာရေးဆရာမတင်ပြတောင်းဆိုခြင်းနှင့် ဆေးပေးခန်းတည်ဆောက်ခြင်း
၅။	အားကစားပြုလုပ်ရန် ခက်ခဲခြင်း	အားကစားကွင်း မရှိခြင်း	ငွေကြေးအနည်းငယ်နှင့် လုပ်အားထည့်ဝင်နိုင်ခြင်း	ငွေကြေးလုံလောက်မှုမရှိခြင်း၊ မြေနေရာမရှိခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိရပ်ဖများမှ ဦးဆောင်၍မြေနေရာရရှိရေးနှင့် ရန်ပုံငွေရရှိရေးဆောင်ရွက်ခြင်း	အားကစားကွင်းတည်ဆောက်ခြင်း
၆။	ရွာပတ်ဝန်းကျင်သန့်ရှင်းမှုမရှိခြင်း၊ ကျန်းမာရေးထိခိုက်နိုင်ခြင်း	အမှိုက်များ စနစ်တကျ စွန့်ပစ်မှုမရှိခြင်း	အမှိုက်စွန့်ပစ်ရန် မြေနေရာမရှိခြင်း	ငွေကြေးလိုအပ်ခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိရပ်ဖများမှ ဦးဆောင်၍ အမှိုက်ပုံး၊ အမှိုက်သယ်ယာဉ် ထားရှိရေးဆောင်ရွက်ခြင်း	အမှိုက်သိမ်းဆည်းရန်အမှိုက်ပုံး၊ အမှိုက်သယ်ယာဉ်ထားရှိရေး ဆောင်ရွက်ခြင်း

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၄	၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၁	၂၃	၅၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၉	၂၀	၃၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၂	၂၆	၅၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၃၃	၂၇၇	၅၁၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၃	၃၄	၅၇
စုစုပေါင်း		**၃၅၁**	**၃၈၄**	**၇၂၅**
စုစုပေါင်း အိမ်ထောင်စု		၁၇၃		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ (၁)အိမ်ထောင်စုစာရင်းကောက်ယူရာတွင် စီးပွားရေးနိမ့်ပါးသူများ အသင့်အတင့်တွေ့ရှိရပါသည်။ (၂)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကို ရေကြည်ဝကျေးရွာတွင် ထားရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၉၃	၁၃၃		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၂					
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	သစ်တောလုပ်ငန်း				
၄	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ထုတ်ကုန်လုပ်ငန်း				
၆	ကိုယ်ပိုင် လုပ်ငန်း	၃၀	၄၇	၁၂၉	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☑ နိမ့် ☐
	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄၃	၇၉		မြင့် ☐ လတ်☐ နိမ့် ☐
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၉	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	လက်လီ- လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၆	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၁၂	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၅	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၄	၁၂		☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၁၇၃	၂၇၄	၁၄၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"**ကဏ္ဍ

၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။.....

.....

.....

.....

.....

.....

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၂၅၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀			
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် **(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လခစားဝန်ထမ်းမအချို့ရှိပြီး လက်လုပ်လက်စားနှင့် ကျပန်းလုပ်ကိုင်စားကြသူများသည် (၇၀၀၀မှ ၅၀၀၀)ကျပ်ကြားရရှိကြပါသည်။

(က) သဘာဝရင်းမြစ်များ

(က-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၅၂.၁၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၁	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၉၃.၁၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊

(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ စွန့်လွတ်ထားသည့် သီးစားခံယူမရှိပါ။ လုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေမရှိပါ။

(က-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် ကျောက်သဲ၊ ကျောက်စရစ်များ အသင့်အတင့်တွေ့ရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၇	၆၅	၄၇	၄၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်၍ အဆင်ပြေသော အိမ်ထောင်စုအနည်းငယ်သာရှိပြီး လက်လုပ်လက်စားနှင့် ကျပန်းအိမ်ထောင်စု အများအပြားရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၆	အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၁၆_____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၂	အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂_____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၈	အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၈_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်.. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းစာဖူလုံမှုကို ငွေးချေးယူခြင်းဖြင့် မပြေလည်မှုကို ဖြေရှင်းကြသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။.....

.....

.....

.....

.....

.....

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လူကုန်ကူးခြင်း ဝေးလံခေါင်သီးနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်များ မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။.....

.....

.....

.....

.....

.....

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐ ၂☐ ၃☑	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ပရဟိတ	၁☑ ၂☐ ၃☐	၂၀	၁၂	၃၂	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	မီးကော်မတီ အဖွဲ့	၁☐ ၂☐ ၃☑	၇	-	၇	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ကျောင်းကော်မတီ	၁☐ ၂☐ ၃☑	၁၂	၇	၁၉	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	အမျိုးသမီး အဖွဲ့	၁☐ ၂☐ ၃☑	-	၃၀	၃၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	ဓမ္မစကူးလ် အသင်း	၁☑ ၂☐ ၃☐	၇	၁၃	၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။အသင်းအဖွဲ့များအားလုံး လုပ်ဆောင်ချက်ကောင်းမွန်ခြင်း တက်ကြွစွာလုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မြကျွန်းသာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၂	Pact Myanmar	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၃	Easy	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၄	ကိုရီးယား	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၅	Alliance	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများ(၅)ဖွဲ့ရှိပါသည်။ ပြင်ပအဖွဲ့အစည်းများမှ လာရောက်ချေးသည့်အတွက် အတိုးနှုန်းသက်သာ သောကြောင့် ရွာသူရွာသားများ စားဝတ်နေရေးအဆင်ပြေပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၈၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၂	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၄	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၇၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားပြီး ကျပန်း၊ ရောင်းအဝယ်၊ အခြားလုပ်ငန်းများဖြင့် လုပ်ကိုင်စားသောက်ရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စ	အရင်းအမြစ်	ရေသောက်	ရေရရှိနိုင်မှု

ဦ		(ဧက)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၅	အဝီစိတွင်း	၃၉၃.၁၀	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဆည်မြောင်းမှ ရေဖူလုံမှုမရှိသောအခါ အဝီစိတွင်းများတူး၍ စက်များဖြင့်တင်ကာ စိုက်ပျိုးရခြင်းဖြစ်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်း မျှ	မှ	ထိ		
မိုးစပါး	၃၅၁.၂၅	တင်း	၂၅	၅၅	၇၀	ဝါခေါင်	ပြာသို	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑
ကြက်သွန်			၁၅၀၀	၂၀၀၀	၁၈၀၀	နတ်တော်	တန်ခူး	မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
ခရမ်းချဉ်			၁၀၀၀	၃၀၀၀	၂၀၀၀	တော်သလင်း	နတ်တော်	မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
ပဲတီစိမ်း		တင်း	၂၀	၃၀၀	၂၅	တပေါင်း	ကဆုန်	မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
နှမ်း		တင်း	၁၀	၁၅	၁၂	တပေါင်း	ကဆုန်	မြင့်☐ လတ်☐	မြင့်☐ လတ်☐ နိမ့်☐

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျှမ်း မျှ	မှ	ထိ		
								နိမ့်□	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စီပင်သာကျေးရွာသည် စပါးကိုသာ အဓိထားစိုက်ပျိုးကြသော်လည်း ကြက်သွန်၊ ခရမ်းချဉ်၊ ပဲတီစိမ်းနှင့် နှမ်းများလည်း စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၁			၇၉
လက်တွန်းထွန်စက်	၈၄			၃၂
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				၇၉
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၁			၃
ရေစုပ်စက်	၇၈			၁၈
ခြေနင်းရေတင်စက်				၃
မြက်ရိတ်စက်	၁			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာသုံးစက်ကိရိယာများ ငှားရမ်းအသုံးပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐** **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☑**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☑**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☑**
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐** **သီးနှံများကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☑**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။.....

.....

.....

.....

.....

.....

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐**

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
	မဖြေဆိုပါ☑
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☑**
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐** **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐** **မဖြေဆိုပါ ☑**
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑ အနည်းငယ် ☐** **မဖြေဆိုပါ ☐**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ စိုက်ပျိုးရေးနှင့် ပတ်သက်သော လိုအပ်ချက်များ လွယ်ကူစွာ မရနိုင်ခြင်းနှင့် သီးနှံဖျက်ပိုးကျရောက်မှု အသင့်အတင့် ကျရောက်ကြောင်း တွေ့ရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅၃	၁၄၄
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၁	၂
ကြက်	၇၆	၆၇၆
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

